# ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
# Yangon Protestant Reformed Church
## တနင်္ဂနွေစာစောင်

နေ့စွဲ - ၂၄. ၁. ၁၀

## ဘုရားသခင်၏ပဋိညာဉ်အားအိမ်ထောင်စုထဲတွင်စောင့်ရှောက်ခြင်း

(Keeping God's Covenant in the Home, Prof. Herman Hanko) (ယွင်အပတ်မှအဆက်)

**ကျမ်းစာဖတ်ခြင်း - ဆာလံ ၁၂၇**

ဒ့်ါအပြင် အတူတကွစားသောက်ခြင်းထဲမှာ မိတ်သဟာယဖွဲ့ခြင်းဟာ ပါနေပြီးသားဖြစ်တယ်။ တချိန်က ကျွန်တော်၊ အမေရိကန်အနောက်ပိုင်းက အသင်းတော်တခုမှာ အမှုတော်ထမ်းဆောင်စဉ်ကပေါ့၊ အသင်းတော်ရဲ့အစည်းအဝေးတွေကို သွားရလေ့ရှိပါတယ်။ တခါတလေ၊ အဲဒီအစည်းအဝေးတွေက အိမ်နဲ့ မိုင်ထောင်ချီဝေးတတ်ပါတယ်။ အဲဒီအခါမှာ ကျွန်တော့်ဇနီးနဲ့အရမ်းဆော့တဲ့ သားလေးယောက်ကိုထားပြီးသွားရလေ့ရှိပါတယ်။ အဲဒီအချိန်မျိုးမှာ ညစာကို တယောက်ထဲစားရပါတယ်။ အဲဒီအချိန်တွေဟာ တနေ့တာမှာ အဆိုးဝါးဆုံးအချိန်တွေ ဖြစ်တယ်။ တယောက်ထဲထိုင်ပြီးစားရတာ မခံနိုင်လောက်အောင်ကို အခံရခက်ပါတယ်။ တခုတည်းသောနည်းလမ်းကတော့၊ မျက်နှာကို စာအုပ်ကနေမခွာတမ်း ဖတ်ပြီးစားရတာဘဲ၊ အဲဒီလိုဖတ်တော့ ဘာဖြစ်ပြန်သလဲဆိုတော့၊ စာအုပ်ထဲစိတ်ရောက်သွားတော့ ထမင်းတွေ၊ ဟင်းတွေအေးမှ ထမင်းစားဖို့ သတိရပြန်တယ်။ အရသာလဲမရှိတော့ဘူး။ ကျွန်တော်ကလဲ ထမင်းမချက်တတ်တော့၊ အသင်းသူ/သားတွေချက်ပေးသွားတာကို အေးလဲ ဒီအတိုင်းစားရတော့တာပါဘဲ။ နောက်ဆုံးတော့၊ အဲဒီလိုခဏသွားတာဝန်ယူရတဲ့ အသင်းတော်က လူတွေက "ဆရာ့ကိုကြည့်ရတာ မဟန်ပါဘူး၊ အပျင်းပြေ တီဗီတလုံးထားပေးမယ်"လို့ ပြောကြပါတယ်။ တီဗီတော့ ကျွန်တော်မကြည့်ချင်ပါဘူး၊ ဖတ်စရာစာအုပ်တွေရှိတယ်လို့ ပြန်ပြောရတယ်။

စားခြင်းသောက်ခြင်းသာ မိတ်သဟာယဖွဲ့ခြင်းဖြစ်ပါတယ်။ ဒ့်ါကြောင့် ကျမ်းစာက ပဋိညာဉ်ရဲ့ နောက်ဆုံးသောဘုန်းအသရေ ထင်ရှားပြခြင်းကို စားသောက်ပွဲကြီးတခုနဲ့ နှိုင်းယှဉ်ဖေါ်ပြရတာပေါ့ (ဗျာ ၁၉)။ ဗျာ ၁၉း၉က ကောင်းကင်ဘုံရဲ့ကောင်းချီးမင်္ဂလာများ ခံစားရခြင်းအခြေအနေကို သိုးသငယ်ရဲ့မင်္ဂလာဆောင် စားသောက်ပွဲကြီးလို့ ပြောပြတာဖြစ်တယ်။ ကျွန်တော်တို့ ဘုန်းတော်ဝင်စားကြရတဲ့အခါ၊ ကျွန်တော်တို့တွေဟာ သခင်ခရစ်တော်နဲ့အတူ စားသောက်လျှက်၊ မိတ်သဟာယဖွဲ့ခြင်းကို နက်နဲစွာ၊ ဝိညာဉ်ရေးရာအဓိပ္ပါယ်တွေနဲ့ ခံစားကြမှာဖြစ်တယ်။ ရီမောလျှက်၊ ပျော်ရွှင်စွာ ခံစားကြမှာဖြစ်တယ်။ ကောင်းကင်ဘုံနဲ့စပ်ဆိုင်သော အစားအစာနဲ့ ထာဝရကို ကြွေးမွေးတော်မူမှာဖြစ်တယ်။ အဲဒါဟာ ပဋိညာဉ်မိသားစုရဲ့နိမိတ်ပုံတွေထဲက တခုဘဲဖြစ်ပါတယ်။

**ဖခင်သည်မိသားစု၏ပရောဖက်၊ ယဇ်ပရောဟိတ်၊ ရှင်ဘုရင်ဖြစ်သည်**

အဲဒါတွေကိုပြောနေရတာက ကျမ်းစာထဲမှာ ပဋိညာဉ်မိသားစုနဲ့ပတ်သက်တဲ့ အဓိကအိုင်ဒီယာတွေကို ပြောချင်လို့ဖြစ်ပါတယ်။ ငါးခု၊ ခြောက်ခုလောက်ရှိပါတယ်။ အဲဒါတွေဟာ ပဋိညာဉ်မိသားစုတခုမှာ တွေ့မဲ့ အနှစ်သာရသဘောတရားတွေဖြစ်တယ်။

ပထမအနေနဲ့၊ ပဋိညာဉ်အိမ်ထောင်စုဆိုတာ၊ အဲဒီအိမ်ထောင်စုဝင်တွေအားလုံး ကိုယ့်နေရာနဲ့ကိုယ်နေရာရှိတဲ့အိမ်ထောင်စုဘဲဖြစ်တယ်။ ခင်ဗျားတို့မှာ အဲဒီအတွေ့အကြုံမျိုး အပြည့်အဝရှိမယ် ထင်ပါတယ်။ အိမ်ထောင်စုထဲကို ဘုရားသခင်ပို့လိုက်တဲ့ကလေးတိုင်း၊ ထူးခြားကြပါတယ်။ လင်ယောကျ်ားနဲ့ဇနီးမယားတို့ဟာ ခြားနားသူလူနှစ်ယောက်ဖြစ်ပါတယ်။ တခါတလေ လက်ထပ်ပြီးစလင်မယားနှစ်ယောက်ကို အံ့ဩမိပါတယ်။ ဘုရားသခင်ရဲ့ အံ့ဩစရာလုပ်ရပ်ကိုတွေ့ရတာဖြစ်တယ်။ လုံးဝခြားနားတဲ့ လူသားနှစ်ယောက်ဟာ အဆုံးစွန်ရင်းနှီးသောဆက်ဆံရေးမှာ အတူတကွနေထိုင်ကြတယ်။ အဲဒီလိုဘဲ ကလေးတယောက်စီတိုင်းလဲ သူတို့နေရာတွေ ရှိကြပါတယ်။ ဘယ်လောက်တောင်မှန်သလဲဆိုတော့၊ အိမ်ထောင်စုတခုမှာ၊ ဥပမာဆိုကြပါစို့၊ ကလေးတယောက် ငယ်ငယ်ကလေးနဲ့သေသွားရင်၊ "သူ့နေရာဟာလွတ်နေတယ်"လို့ ကျွန်တော်တို့ ပြောကြပါတယ်။ ဘယ်သူကမှ အဲဒီနေရာကို မဖြည့်နိုင်ပါဘူး။ နောက်ထပ်ကလေးတွေ အဲဒီအိမ်ကို ဘုရားသခင်က ထပ်ပေးရင်တောင်၊ နေရာကလွတ်နေဆဲပါဘဲ။ နောက်ထပ်ပေးတဲ့ကလေးတွေကလည်း သူတို့နေရာကို သူတို့ယူကြတယ်၊ ဒါကြောင့် ဘုရားသခင်က စောစောခေါ်သွားသူရဲ့နေရာကို မဖြည့်ကြတော့ပါဘူး။

အဲဒါဟာ အဖေ၊ အမေ၊ ကလေးတယောက်စီတိုင်းအတွက် မှန်နေပါတယ်။ ဘုရားသခင်ရဲ့ မိသားစုမှာလဲ ဒီလိုဘဲဖြစ်ပါတယ်။ ဘုရားသခင်ဟာ ထာဝရကာလကနေ၊ သူ့ရဲ့ရွေးကောက်တော်မူခြင်း အမိန့်တော်အရ၊ သူ့မိသားစုကို ရွေးတော်မူတဲ့အခါ၊ မိသားစုဝင်တိုင်းဟာ သူတို့ရဲ့နေရာအသီးသီးကို ရရှိကြပါတယ်။ အဲဒီလို တိကျသေချာစွာ သူ့မိသားစုကို ရွေးကောက်ပြီး ပြည့်စုံစေတာဖြစ်ပါတယ်။ အဲဒီမိသားစုအားလုံး ကောင်းကင်ဘုံရောက်ရင်၊ အခန်းများစွာနဲ့ဖွဲ့စည်းထားတဲ့ အိမ်တော်ဟာ ပြည့်စုံခြင်းရောက်မှာဖြစ်ပါတယ်။ အဲဒီလိုပြည့်စုံပြီးရင် နောက်တယောက် ထပ်ဝင်လို့မရတော့ပါဘူး။ ဘုရားသခင်က တယောက်စီတိုင်းအတွက် ကြိုတင်နေရာချထားပြီးသားဖြစ်တယ်။ တနေရာမှလဲ လစ်လပ်နေမှာမဟုတ်ပါဘူး။

အဲဒီအကြောင်းအရာကို အချိန်အနည်းငယ် ထပ်ပြောချင်ပါတယ်။ အိမ်ထောင်စုမှာ ဖခင်ရဲ့နေရာဟာ ပရောဖက်၊ ယဇ်ပုရောဟိတ်နဲ့ ရှင်ဘုရင်နေရာဖြစ်ပါတယ်။ အဲဒါဟာ တာဝန်ယူရတဲ့နေရာဖြစ်တယ်။ အဓိပ္ပါယ်ကတော့ ဖခင်ဟာ အိမ်ထောင်စုမှာ သခင်ခရစ်တော်ကိုယ်တိုင်ကို ကိုယ်စားပြုရပါတယ်။ သခင်ခရစ်တော်ဟာ ဘုရားသခင်ရဲ့အိမ်တော်မိသားစုမှာ အမှုတော်ဆောင်ဖြစ်တော်မူတယ်။ အိမ်ထောင်တစုရဲ့ဖခင်ဖြစ်သူဟာ အိမ်ထောင်စုရဲ့ပရောဖက်ဖြစ်လို့၊ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို အိမ်ထောင်စုထံမှာ ပြောပြရမဲ့တာဝန်ရှိပါတယ်။ သူဟာ ယဇ်ပုရောဟိတ်မင်းလဲဖြစ်လို့၊ မိသားစုအတွက် ဆုတောင်းရမဲ့တာဝန်ရှိပါတယ်။ အဲဒါကို အကြိမ်များစွာ ကျွန်တော်တို့ မေ့နေတတ်ကြပါတယ်။ ကျွန်တော် ယောဘကို သတိရပါတယ်။ ဘုရားသခင်ရဲ့ အစိုးရတော်မူသောထိန်းချုပ်မှုအောက်မှာ နတ်ဆိုးက မျိုးစုံနှောက်ယှက်တာတွေ မရှိခင်၊ သူဟာ ဖြောင့်မတ်သူဖြစ်တယ်၊ ဘုရားသခင့်အလိုတော်ကို ပြည့်ဝစွာ လိုက်နာသူဖြစ်တယ်။ ဘုရားသခင်ကို ကြောက်ရွံ့ရိုသေသူဖြစ်တယ်။ အပြစ်ဆိုးညစ်ခြင်းတွေကို ရှောင်ရှားသူဖြစ်တယ်။ သူ မိသားစုအတွက် လုပ်ပေးတာတွေထဲက တခုကတော့ မိသားစုအတွက် ဆုတောင်းပေးခြင်းဖြစ်တယ်။ သူ့သားတွေ၊ သမီးတွေဟာ သူတို့အိမ်တွေမှာ ပွဲလုပ်ကြပုံရပါတယ်၊ ဘာလို့လဲဆိုတော့ ကြီးသွားကြပြီကိုး။ နေ့တိုင်း ယောဘဟာ သူ့သား/သမီးတွေအတွက် ယဇ်ပူဇော်ခြင်းပြုပေးပါတယ်၊ “သူတို့တွေ ဘုရားသခင်ကို ပြစ်မှားပြီး၊ ကျိန်ဆိုကြမှာစိုးလို့”လို့ ပြောပါတယ် (ယောဘ ၁း၅)။အဲဒါဆုတောင်းတာကိုပြောတာဖြစ်တယ်။ သူ့ရဲ့ဆုတောင်းခြင်းကြောင့် မိသားစုဟာ စင်ကြယ်သူတွေဖြစ်လာကြပါတယ်။ အဲဒါဟာ ပဋိညာဉ်အိမ်ထောင်စုမှာ ယဇ်ပုရောဟိတ်မင်းအဖြစ် တာဝန်ယူသူ ဖခင်ရဲ့ တာဝန်ဖြစ်တယ်။

ရှင်ဘုရင်တယောက်အနေနဲ့ဖခင်ဟာ အုပ်ချုပ်ပါတယ်။ ဒါပေမဲ့ အာဏာရှင်လို၊ မအုပ်စိုးပါဘူး။ သံလုံတံနဲ့ ရက်စက်စွာ၊ ကြမ်းတမ်းစွာ မအုပ်စိုးပါဘူး။ သူဟာ သခင်ခရစ်တော်ရဲ့ချစ်ခြင်း၊ သနားခြင်းတို့ကို ကိုယ်စားပြုပြီး အုပ်စိုးသူဖြစ်ပါတယ်။ ဒါပေမဲ့ အိမ်ထောင်မှာ အစိုးရစွာ အုပ်ချုပ်ပါတယ်။ ဖခင်ဟာ ခရစ်တော်ကို ကိုယ်စားပြုရပါတယ်၊ ဘာလို့လဲဆိုတော့ ခရစ်တော်ဟာ သူ့အားဖြင့် မိသားစုကို အုပ်ချုပ်လို့ပါဘဲ။ အဲဒါကို ပေါ့လျှော့လျှော့မလုပ်ပါနဲ့၊ သိပ်ကိုအရေးကြီးပါတယ်။ အဲဒီအချက် ဘယ်လောက်အရေးကြီးတယ်ဆိုတာ ကျွန်တော် ဘယ်လိုပြောရမှန်းတောင်းမသိပါဘူး၊ ဒါကြောင့် ကိုယ့်အတွေ့အကြုံကိုဘဲပြောပြပါမယ်။ အိမ်ထောင်ကျခါစ ကလေးငယ်လေးတွေစပြီး အိမ်မှာရှိတဲ့အချိန်တွေကို သတိရပါတယ်။ တခါတလေ ကျွန်တော် မနက် အိပ်ရာနိုးလာရင် သိပ်မကျေမနပ်နိုးလာတတ်ပါတယ်။ မကြာခဏဘဲ အဲဒီလို ကျွန်တော့်ရဲ့ မကျေမနပ်ဖြစ်မှုဟာ မနက်စာ စားပွဲပေါ်မှာ ပေါ်လာတတ်ပါတယ်။ မကြာပါဘူး၊ မနက်စာစားပွဲမှာ ကလေးတွေ ထရန်ဖြစ်ကြတော့တာဘဲ၊ စားပွဲအောက်ကနေ တယောက်ကိုတယောက် ကန်ကြတယ်၊ ဆဲကြတယ်၊ သူတို့ရတဲ့ မုန့်ဟာ တယောက်ကပိုကောင်းတယ်၊ တယောက်ကမကောင်းဘူးလို့ ငြင်းကြတယ်။ ကျွန်တော် စဉ်းစားတာပေ့ါ၊ ဘာလို့ ဒီလိုတွေဖြစ်ရတာလဲ။ စဉ်းစားတဲ့အခါ၊ ခေါင်းထဲမှာ လင်းကနဲ ပေါ်လာတာကတော့၊ ကလေးတွေဟာ ကျွန်တော့်လိုဘဲ မွေးကထဲက အပြစ်နဲ့ဖြစ်ပေမဲ့၊ တကယ့်တရားခံက ကျွန်တော်ဘဲဖြစ်တယ်၊ ဘာလို့လဲဆိုတော့ ကျွန်တော်က မနက်စာစားတဲ့နေရာကို မကျေမနပ်နဲ့လာခဲ့တာကိုး၊ အဲဒီလို ကျွန်တော့်ရဲ့ မကျေနပ်မှုတွေဟာ တခြားမိသားစုဝင်တွေထံကို ကူးစက်သွားတာဖြစ်တယ်။ တခါတရံ၊ ဝမ်းနည်းစွာပြောရမှာကတော့၊ ဇနီးသည်ထံကိုတောင် ကူးသွားတတ်ပါတယ်။ ကျွန်တော်ပြောချင်တာက၊ ဦးခေါင်းဖြစ်ခြင်းရဲ့ အရေးကြီးမှုကိုဖြစ်တယ်။ အိမ်ထောင်တခုရဲ့ အခြေအနေ(ဝိညာဉ်ရေးရာဖြစ်ဖြစ်၊ ကိုယ်ကျင့်တရားဖြစ်ဖြစ်)ဟာ ဖခင်အပေါ်မူတည်ပါတယ်။ နောက်ဆုံးတော့ ဘုရားသခင်ရှေ့မှာ တာဝန်အရှိဆုံးဟာ ဖခင်ပါဘဲ။ ဖခင် ဘယ်လိုကျင့်ကြံပြုမူသလဲ၊ သူ့ဇနီးနဲ့ဘယ်လိုအတူနေထိုင်သလဲ၊ သူ့ဇနီးထံ သူ့ချစ်ခြင်းကို ဘယ်လိုပြသလဲ၊ သူ့သားသမီးတွေကို ဘယ်လိုဆက်ဆံသလဲ၊ ဘယ်လိုစိတ်ထားနဲ့လဲ၊ ဘယ်လို အပြုအမူလဲ၊ - ဒါတွေအားလုံးက အိမ်

ထောင်စုကို လွှမ်းမိုးတော့တာဘဲဖြစ်တယ်။ ဘုရားသခင်က အဲဒီလိုဖြစ်စေချင်လို့ဖြစ်တယ်။ ဘုရားသခင်က အိမ်ထောင်တခုလုံးရဲ့ ဦးခေါင်းဟာ ဖခင်ဖြစ်စေလို့ ပြဋ္ဌာန်းထားလို့ဖြစ်တယ်။

**မိခင်၏အရေးကြီးလွန်းမှု**

မိခင်ဟာ အိမ်ထောင်စုမှာ သူ့နေရာရှိပါတယ်။ သူ့ရဲ့နေရာ အိမ်မှာရှိတယ်လို့ပြောတာကို သတိထားပါ။ ဒီနေ့ ခေတ်သစ် မိခင်တွေရဲ့ ကျိန်ခြင်းအမင်္ဂလာကတော့၊ သူတို့ဟာ အိမ်မှာရှိရမဲ့အချိန်မှာ အလုပ်ထွက်လုပ်နေကြတာဘဲဖြစ်တယ်။ ဆင်ခြေအမြောက်အများကို ကြားခဲ့ရပြီးပါပြီ။ ဝင်ငွေနဲ့သုံးငွေမလောက်လို့၊ ကလေးတွေ ကျောင်းလခ မလောက်လို့၊ ခရစ်ယာန်ကျောင်းမှာ မိသားစုအကြီးကြီး၊ ကလေးတွေတပြုံကြီးကို ကျောင်းထားရတာ ဘယ်လိုမှ ကျောင်းစရိတ်မလောက်လို့ အမေလဲ အလုပ်ထွက်လုပ်ပြီးငွေရှာရတယ်။ ဒါတွေဟာ ဆင်ခြေတွေဘဲဖြစ်တယ်။ ဖခင်ရှာလို့ရသမျှထဲက ပထမအနေနဲ့ အသင်းတော်အလှူငွေနဲ့ကလေးတွေရဲ့ကျောင်းစရိတ် ဖယ်ထားရမှာဖြစ်တယ်။ ကျန်တာကို အစားအစာနဲ့ လိုတာသုံးရမှာဖြစ်တယ်။

အိမ်ထောင်စုမှာ မိခင်ရဲ့နေရာဟာ အိမ်မှာဘဲဆိုတာ ဓမ္မဟောင်းကျမ်းစာဖတ်ရင် ရှင်းနေအောင်တွေ့ရပါမယ်။ ခင်ဗျား လန့်တောင်လန့်သွားမယ်။ အစ္စရေးတို့ရဲ့သမိုင်းကြောင်း လမ်းမှားရောက်နေချိန်၊ လမ်းလွဲလိုက်နေကြချိန်၊ ဗာလနတ်ဘုရားကြီးကို ကိုးကွယ်နေကြတဲ့အချိန်၊ တခြား မယုံကြည်သူလူမျိုးတွေရဲ့ ဘုရားမျိုးစုံကို ကိုးကွယ်နေကြချိန်မှာ ဘုရားသခင်ကိုကြောက်ရွံ့ရိုသေတဲ့ မိခင်တွေကဘဲ အစ္စရေးတို့ရဲ့ မျှော်လင့်ချက် မသေဘဲ ဆက်ပြီးတောက်လောင်နေအောင် ထိန်းပေးကြသူတွေဖြစ်တယ်ဆိုတာ ခင်ဗျားတွေ့ရမှာဖြစ်တယ်။ ဖခင်တွေ လမ်းမှားရောက်ကြတဲ့အခါ၊ ဘုရားသခင်ကို ကြောက်ရွံ့ရိုသေသောမိခင်တွေဟာ အိမ်ထောင်စုရဲ့ ခွန်အားဖြစ်ပါတယ်။ ဘုရားသခင်ကိုကြောက်ရွံ့ရိုသေသောမိခင်တွေက အိမ်ထောင်စုကို ထိမ်းသိမ်းကြပါတယ်။ ရေဗက္ကတို့ ဟန္နတို့ကိုကြည့်ပါ။ သူတို့ခင်ပွန်းတွေအတွက် ဝိညာဉ်ရေးရာအကြောင်းအရာတွေကလွဲလို့ ဘာမှပေးနိုင်ကြသူတွေမဟုတ်ပါ။ ဒါကြောင့် သူတို့ဟာ သားကို အလွန်ရချင်ကြတယ်။ ဘာလို့လဲဆိုတော့ သားသမီးရှိမှ ဘုရားသခင်ရဲ့ကယ်တင်ရှင်လာမယ်ဆိုတဲ့ကတိတော် ဆက်ရှိနိုင်မှာဖြစ်လို့ဘဲ။ ခင်ဗျား ရှမွေလမွေးဖွားလို့ သူ့အမေ ဟန္နဆိုတဲ့ သီချင်းနဲ့ မာရိ သခင်ယေရှုကို ကိုယ်ဝန်ဆောင်စဉ်ဆိုတဲ့သီချင်းကို နှိုင်းယှဉ်ဖတ်ဖူးပါသလား? တပုံစံထဲဘဲဆိုတာ တွေ့ရလိမ့်မယ်။ သူဟာ အဲဒီသားကို အင်မတန် ရချင်တယ်၊ ဘာလို့လဲဆိုတော့ အဲဒီသားကနေ၊ အစ္စရေးတို့ရဲ့မျှော်လင့်ချက် သခင်ခရစ်တော် ရောက်လာမှာ ဖြစ်လို့ဘဲ။ ယောယဒရဲ့ဇနီးဖြစ်သူ၊ ယောရှေဘကိုကြည့်ပါ၊ မင်းသမီးကြီးအာသလိက ဒါဝိတ်အမျိုးတွေအားလုံးကို သတ်ဖို့ပြင်တဲ့အခါမှာ၊ ဒါဝိတ်အမျိုးထဲက ကလေးငယ်၊ နောင်ဘုရင်ဖြစ်လာမဲ့ ယောရှကို အာသလိမသတ်နိုင်အောင် (၇)နှစ်လုံးလုံးဖွက်ထားပေးတယ်။ အဲဒီလို ရဲရင့်တဲ့ အမျိုးသမီးတွေရှိပါတယ်။ ဓမ္မဟောင်းကျမ်းထဲမှာ ပြည့်လို့ဘဲ။

အဲဒီလိုဘဲ ဓမ္မသစ်ကျမ်းစာမှာလဲဖြစ်နေတယယ်လို့ အံ့ဩစရာတွေ့ရပါတယ်။ ဓမ္မသစ်ခေတ်က အင်မတန်မြင့်မြတ်တဲ့ ဘုရားသခင်ရဲ့အမှုတော်ဆောင်တယောက်အကြောင်း အတ္ထုပတ္တိကိုခင်ဗျားဖတ်ရင် သူတို့အဖေတွေအကြောင်း ဘာမှရေးတာ မတွေ့ရပေမဲ့၊ သူတို့အမေတွေအကြောင်းကိုတော့ ချီးမွမ်းခြင်းအပြည့်နဲ့ ရေးကြတာကို အမြဲတမ်းတွေ့ရမှာဖြစ်တယ်။ တရားဟောခြင်းမှာကောင်းလွန်းလို့ ရွှေပါးစပ်ပိုင်ရှင် ခရိုင်ဆိုတုန်း(Chrysostom)ဆိုတဲ့အမှုတော်ဆောင်ကြီးကိုကြည့်ပါ၊ သူ့မိခင်က သူ့ရှေ့မှာ ဖြူစင်ဖြောင့်မတ်စွာ နေထိုင်လျှက်၊ သူ့ကလေးကိုလည်း ပျက်ဆီး၊ ယုတ်ညံ့ခြင်းတွေပြည့်နေတဲ့ ဆီးရီးယားနိုင်ငံ အန္တိအုတ်မြို့မှာ ဖြူစင်ဖြောင့်မတ်စွာနေထိုင်နိုင်အောင် ဦးဆောင်လမ်းပြခဲ့ပါတယ်။ အဲဒါကြောင့် မယုံကြည်သူတွေ က“ဒီခရစ်ယာန်တွေမှာ ဘာလို့ ဒီလောက်ကောင်းမြတ်တဲ့ မိခင်တွေ ရှိနေရတာလဲ”လို့ ပြောရတဲ့အထိဖြစ်ပါတယ်။ ပညာရှင်ကြီးဩဂတ်စတင်ရဲ့မိခင် မောနီကာလဲ ဒီလိုပါဘဲ။ အကြီးကြယ်ဆုံးတွေးခေါ်ရှင်သီဩလော်ဂျီပညာရှင် သောမတ်(စ်)အကွိုင်းနတ်ရဲ့ မိခင်လဲ ဒီလိုဘဲဖြစ်တယ်။ သူဒီလို ကြီးကြယ်သော သီဩလောဂျီပညာရှင်ကြီး ဖြစ်လာတာဟာ ဘုရားသခင်ကိုကြောက်ရွံ့ရိုသေလှတဲ့ သူ့မိခင်ရဲ့ လွှမ်းမိုးမှုကြောင့်ဖြစ်ပါတယ်။ ဒါကြောင့် ပုခက်လွှဲသောလက်သည် ကမ္ဘာကြီးကိုအုပ်ချုပ်ပါသည်ဆိုတဲ့စကားဟာ အမှန်ပါဘဲ။

မိခင်ရဲ့နေရာဟာ အလွန်အရေးကြီးပါတယ်။ ဘာလို့လဲဆိုတော့ ဖခင်က အပြင်ထွက်ပြီးငွေရှာရတာကိုး။ မိခင်ရဲ့နေရာဟာ အရမ်းအရေးကြီးပါတယ်။ ဘာလို့လဲဆိုတော့ ဖခင်က ပရောဖက်ဆိုတော့ မိခင်က ပရောဖက်မ ဖြစ်လို့ပါဘဲ။ ဖခင်ဟာ ရှင်ဘုရင်ဆိုတော့၊ မိခင်ဟာ ဘုရင်မကြီးပေါ့။ မိခင်ဟာ မိသားစုကို

စောင့်ရှောက်ရပါတယ်။ မကြာခဏဘဲ ကလေးတွေကို သွန်သင်ရခြင်းဆိုတဲ့ တာဝန်ဟာ မိခင်အပေါ် ကျရောက်တတ်ပါတယ်။ မိခင်ဟာ ဖခင်ဖြစ်သူ လိုနေတဲ့နေရာကို ဖြည့်ပေးရပါတယ်။ ဇနီးဖြစ်သူက ခင်ပွန်းဖြစ်သူကို ကူညီဖို့အသင့်ရှိနေရပြီး၊ ဘုရားသခင်ရဲ့နိုင်ငံတော်တည်ဆောက်ခြင်းမှာ ကူညီသူအဖြစ် ပါဝင်နေရပါတယ်။ သူ့ခင်ပွန်းဟာ အသင်းလူကြီးဖြစ်နေရင်၊ ဇနီးဖြစ်သူဟာ ခင်ပွန်းကို တကယ့်ကိုကူညီပေးမှရပါမယ်။ ခင်ပွန်းသည်ဟာ သင်းအုပ်ဆရာဆိုရင်၊ ဇနီးဖြစ်သူက သားသမီးတွေတာဝန်ကို အများအားဖြင့် ယူပေးရပြီး၊ ကောင်းကင်နိုင်ငံတော်အတွက် ခင်ပွန်းဖြစ်သူရဲ့တာဝန်ကို ကူညီဖြည့်ဆည်းပေးရမှာဖြစ်တယ်။

ပဋိညာဉ်အိမ်ထောင်မှာ မိခင်မရှိရင် ဘာဖြစ်သွားမလဲ? မိသားစုဆိုတာ ရှိတော့မှာမဟုတ်ပါဘူး။ ဒါ့ကြောင့် ကျမ်းစာက ဘုရားတရားကြောက်ရွံ့ရိုသေသော ဇနီးနဲ့မိခင်ဖြစ်သူဟာ ရွှေ၊ငွေ၊ကျောက်သံပတ္တမြားထက် ပိုပြီးအဖိုးတန်တယ်လို့ သီချင်းဖွဲ့ဆိုတာ အံ့သြစရာမဟုတ်တော့ပါဘူး(သုတ္တံ ၃၁း၁၀-၃၁)။ ဒါ့ကြောင့် ပဋိညာဉ်မိသားစုဆိုတာ၊ မိခင်က အင်မတန်အရေးကြီးတဲ့နေရာမှာ တာဝန်ယူတဲ့ အိမ်ကို ပြောတာ ဖြစ်ပါတယ်။

## ပဋိညာဉ်အိမ်ထောင်စုနှင့်အကြီးဆုံးသား၏နေရာ

သားအကြီးဆုံးကလည်း အထူးနေရာမှာ တာဝန်ယူပါတယ်။ ဘာလို့လဲဆိုတော့ ပဋိညာဉ်အိမ်ထောင်စုဆိုတာ ဘုရားသခင်ရဲ့မိသားစုကို ရောင်ပြန်ဟပ်နေတဲ့နေရာ ဖြစ်လို့ပါဘဲ။ တခါတလေ ကျွန်တော်တို့ ဒီအချက်ကို ဘယ်လောက်မေ့နေကြသလဲလို့။ ကျွန်တော် အသင်းတော်တခုမှာတရားဟောတိုင်း၊ အမြဲတမ်း သွားလည်တတ်တဲ့ အိမ်တအိမ်ရှိပါတယ်။ သားကြီးဘဲ (၉)ယောက်ရှိတယ်၊ သမီးတယောက်မှ မရှိဘူး။ သူတို့အမေ သား(၉)ယောက်ကို ဘယ်လိုများထိန်းနိုင်သလဲဆိုတာ ကျွန်တော် တွေးလို့မရပါဘူး။ သူတို့ဟာ သားဦးရဲ့အရေးကြီးမှုကို သေချာစွာ နားလည်ကြသူတွေဖြစ်တယ်။ သူတို့ဧည့်ခန်းမှာ အဖေ့အတွက် ထိုင်ခုံသတ်သတ်ရှိတယ်၊ အကောင်းဆုံးထိုင်ခုံဆိုတာ ပြောစရာလိုမယ်မထင်ပါ၊ အဲဒီထိုင်ခုံဘေးမှာ ဒုတိယအကောင်းဆုံးထိုင်ခုံရှိပါတယ်။ ညာဖက်မှာပေါ့။ သူတို့သား အကြီးဆုံးထိုင်ရတဲ့ခုံဖြစ်တယ်။ တခြားဘယ်သူမှ မထိုင်ရဘူး။ တယောက်ယောက် အဲဒီခုံပေါ် ထိုင်နေတုန်းမှာ၊ သားအကြီးဆုံးဝင်လာရင်၊ ထိုင်နေတဲ့လူက နေရာဖယ်ပေးပါတယ်။ အဲဒီလို ပုံဆောင်ချက်အနေနဲ့သာ သားအကြီးဆုံးကို နေရာပေးတာမဟုတ်ပါဘူး။ အမေက အရမ်းအလုပ်ရှုပ်နေတော့၊ အငယ်တွေအားလုံး ဘယ်လိုပြုမူနေထိုင်ရမယ်ဆိုတာကို အဲဒီသားအကြီးဆုံးက တာဝန်ယူပြီး သင်ပေးပါတယ်။ အငယ်တွေအားလုံး နေ့စဉ်တာဝန်အသီးသီးကို ချမှတ်ရတယ်၊ အဲဒီတာဝန်တွေကို သေချာ လုပ်ကိုင်ကြသလားဆိုတာကို အကြီးဆုံးက အမြဲတမ်းစစ်ဆေးရတယ်။ အငယ်တွေအားလုံး အချိန်မှန်ကျောင်းသွားသလား၊ အဝတ်ကောင်းကောင်းဝတ်သလားဆိုတာကအစ အသေးစိတ်စစ်ဆေး တာဝန်ယူပေးတယ်။ အကြီးဆုံးက အငယ်တွေအားလုံးအတုယူထိုက်အောင် စံနမူနာအဖြစ် အသက်ရှင်ပြပေးပါတယ်။ သူအသက်နည်းနည်းရလာတဲ့အခါ၊ အငယ်တွေကို စည်းကမ်းထိန်းသိမ်းရတာကိုပါ တာဝန်ယူရပါတယ်။ မှန်ပါတယ်၊ အကြီးဆုံးက အမြဲတမ်းတော့ အဲဒီတာဝန်တွေကို ကျေအောင်တော့ မလုပ်နိုင်ဘူးပေါ့။ မိသားစုတွေတိုင်းမှာ အားနည်းချက်တွေအများကြီးနဲ့ဖြစ်ပါတယ်။ အဲဒီလို အကြီးဆုံးက တာဝန်ယူရတာဟာ၊ အဲဒီ အကိုကြီး အိမ်ထောင်ကျပြီး၊ အိမ်ကထွက်တဲ့အချိန်အထိဖြစ်တယ်၊ အဲဒီနောက်မှာ ဒုတိယအကိုက ဆက်ပြီးတာဝန်ယူပါတယ်။

ကျွန်တော့်ဘဝရဲ့အတွေ့အကြုံအရ၊ အကိုအကြီးဆုံးရဲ့တာဝန်ဟာ ဘယ်တော့မှ ပြီးတယ်လို့မရှိပါဘူး။ မိခင်နဲ့ဖခင် အလွန်အိုမင်းလာပြီဆိုရင်၊ အခြေအနေတွေက ပြောင်းလာပါပြီ။ ကျွန်တော်တို့ဘဝမှာ အဖေဟာ အမြဲတမ်း ကျွန်တော်တို့ညီအကိုမောင်နှမတွေအတွက် တာဝန်ယူပါတယ်၊ အမြဲတမ်းအဲဒီလိုဘဲ၊ ဒါပေမဲ့ သူလဲအိုရော အကြီးဆုံးဖြစ်သူကျွန်တော်ဟာ သူ့အတွက်တာဝန်ယူရသူ ချက်ခြင်းဖြစ်လာရပါတယ်။ သူ့ရဲ့ကျန်းမာရေး ယိုယွင်းလာတဲ့ကာလတလျှောက် ကျွန်တော်ကဘဲ ဘာမဆို သူ့အတွက် ပြန်ဆုံးဖြတ်ရပါတယ်။

ပဋိညာဉ်မိသားစုဆိုတာ အဲဒီလိုဖြစ်ပါတယ်၊ သားအကြီးဆုံးက အဲဒီမိသားစုရဲ့ ကောင်းမွန်စွာတည်ရှိရေးအတွက် အမြဲတမ်းတာဝန်ယူရပါတယ်။ အိမ်ထောင်ကျပြီးချိန်မှာလဲ အဲဒီလိုဘဲဖြစ်ပါတယ်။ ဒါ့ကြောင့် ခင်ဗျားဟာ ပဋိညာဉ်အိမ်ထောင်ကို တည်ဆောက်ချင်တယ်ဆိုရင် သားအကြီးဆုံးကို အိမ်ထောင်ရဲ့တာဝန်တွေဟာ သူ့ဟာဘဲဆိုတာ ငယ်ငယ်ကထဲကသင်ပေတော့။